မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၅ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် ( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် ) } သောကြာနေ့ [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

**ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်စာတမ်းများ (PSC) ချုပ်ဆိုပြီး ဆောင်ရွက်သည့်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်စာတမ်းများ (Production Sharing Contract-PSC) ချုပ်ဆိုခြင်းနှင့်ပတ်သက်၍ ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် **"ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်စာတမ်းများ (PSC) ချုပ်ဆိုပြီး ဆောင်ရွက်သည့်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၃) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>သတ္တုတွင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>သတ္တုတွင်းဝန်ကြီးဌာန | အတွင်းရေးမှူး |

(ဈ) အမြဲတမ်းအတွင်းဝန် စွမ်းအင်ဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်စာတမ်းများ (PSC) ချုပ်ဆိုပြီး ဆောင်ရွက်သည့် လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) PSC နှင့်ပတ်သက်၍ တင်ဒါခေါ်ယူလိုသည့် ဝန်ကြီးဌာနများ၏တင်ပြချက်များကို စိစစ်ခွင့်ပြုခြင်း။

(ခ) ခွင့်ပြုပေးသည့် PSC လုပ်ငန်းများတွင် တင်ဒါစိစစ်သည့်လုပ်ငန်းများကို ကြပ်မတ်ခြင်း။

(ဂ) တင်ဒါစိစစ်ရွေးချယ်ပြီးနောက် စာချုပ်စာတမ်းချုပ်ဆိုခြင်းနှင့်ပတ်သက်ပြီး ကြီးကြပ်ခြင်း။

(ဃ) PSC အလိုက် စာချုပ်များနှင့်အညီ လိုက်နာအကောင်အထည်ဖော်ခြင်း ရှိ၊ မရှိ ကြီးကြပ်ခြင်း။

(င) PSC နှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ လိုအပ်သည့် အကြံပြုချက်များပေးခြင်း။

(စ) PSC နှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ နိုင်ငံအချင်းချင်းအဆင့်နှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်း။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

### နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ချီးမြှင့်ခြင်း

၁။ နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သော လူ့စွမ်းအား အရင်းအမြစ်မြှင့်တင်ရေးကို အရေးတကြီး ဖြည့်ဆည်းဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ခံယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာတွင် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးအစီအမံ (HRD Plan) ကိုလည်း ရေတိုရေရှည်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ နိုင်ငံသားအားလုံး ပညာရည်အဆင့်အတန်းမြင့်မားစေရန် အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ လိုအပ်သည့်နိုင်ငံတကာအဆင့်မီ ပညာရှင်များ ပေါ်ထွန်းလာရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိရာ ထူးချွန်ထက်မြက်သည့် မြန်မာနိုင်ငံသားလူငယ်များ ရေရှည်တွင် အကျိုးရှိစေပြီး လက်တွေ့ကျသည့် ပညာရေး အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ကဏ္ဍစုံမှ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မည့် အရည်အချင်းရှိသည့် လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ **"နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရွေးချယ်ရေးကော်မတီ"** ကို ဖွဲ့စည်းခဲ့ပြီး အဆင့်ဆင့်စစ်ဆေးမှုများ ဆောင်ရွက်ကာ **ပူးတွဲပါ** လူငယ်လူရွယ် (၁၁၇) ဦးကို ပထမအကြိမ်အဖြစ် ရွေးချယ်၍ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုချီးမြှင့်ခဲ့ပါသည်။

၃။ အဆိုပါ လူငယ်လူရွယ်များကို အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုစွမ်းဆောင်နိုင်သော လူငယ်များအဖြစ် နိုင်ငံတော်မှ အမြော်အမြင်ကြီးမားစွာဖြင့် ပညာရေးရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ပြီး ဆက်လက်၍လည်း ထူးချွန်လူငယ်လူရွယ်များကို ပညာတော်သင်စေလွှတ်သွားမည်ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပူးတွဲ**

## ပထမအကြိမ် နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ချီးမြှင့်ခံရသူများစာရင်း

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ပညာတော်သင်အဆင့် |
|---|---|---|---|
| ၁။ | မရတနာဦး | ၁၃/တခလ (နိုင်) ၀၆၃၆၉၇ | ပါရဂူဘွဲ့ |
| ၂။ | မမျိုးသီတာဆွေ | ၇/သကန (နိုင်) ၁၀၁၉၂၄ | မဟာဘွဲ့ |
| ၃။ | မောင်အာကာမောင်မောင်အောင်ကျော်ထက် | ၁၂/ရကန (နိုင်) ၀၈၀၀၂၄ | မဟာဘွဲ့ |
| ၄။ | ဒေါက်တာမေဖြူစင် | ၁၂/အလန (နိုင်) ၀၄၀၉၁၂ | မဟာဘွဲ့ |
| ၅။ | မခင်မျိုးမြတ်စိုး | ၁၃/ကလန (နိုင်)၀၇၃၉၆၀ | မဟာဘွဲ့ |
| ၆။ | မောင်လှိုင်မင်းသွေးအောင် | ၁၂/မရက (နိုင်) ၁၅၀၉၁၁ | မဟာဘွဲ့ |
| ၇။ | မသက်ထားနွယ် | ၁၂/မရက (နိုင်) ၁၃၈၁၉၉ | မဟာဘွဲ့ |
| ၈။ | မသင်းဝေသဇင်တိုး | ၁၂/လမန (နိုင်) ၁၅၄၃၇၇ | ဘွဲ့ကြို |
| ၉။ | မောင်မျိုးသူရိန် | ၁၂/မဂတ (နိုင်) ၁၀၃၅၂၀ | ဘွဲ့ကြို |
| ၁၀။ | မဟေသာပြည့်စုံ | ၁၂/စခန (နိုင်) ၀၇၈၄၂၆ | ဘွဲ့ကြို |
| ၁၁။ | မဆုမီမီထွန်း | ၁၂/ကမရ (နိုင်) ၀၆၄၂၁၆ | ဘွဲ့ကြို |
| ၁၂။ | မတင့်ဇာထွန်း | ၁၂/လမန (နိုင်) ၁၅၄၈၈၄ | ဘွဲ့ကြို |
| ၁၃။ | မအိန္ဒြာနှင်းလွင် | ၁၂/သကတ (နိုင်) ၁၉၅၁၈၁ | ဘွဲ့ကြို |
| ၁၄။ | မမေအိမ်မှူး | ၁၂/စခန (နိုင်) ၀၇၅၃၃၁ | ဘွဲ့ကြို |
| ၁၅။ | မမြတ်နိုးဟန် | ၉/လဝန (နိုင်) ၂၃၀၀၈၃ | ဘွဲ့ကြို |
| ၁၆။ | မောင်ဝေဖြိုးဟိန်း | ၁၂/ဒဂန (နိုင်) ၀၃၆၈၃၂ | ဘွဲ့ကြို |
| ၁၇။ | မအိုင်ဗွီမြင့်ထူး | ၁၂/မရက (နိုင်) ၁၅၇၆၀၄ | ဘွဲ့ကြို |
| ၁၈။ | မောင်သူရိန်ဖွဲ့ | ၁၂/လသယ (နိုင်) ၀၅၇၅၆၃ | ဘွဲ့ကြို |
| ၁၉။ | မောင်အေးချမ်းအောင် | ၁၂/ပဇတ (နိုင်) ၀၃၇၅၃၆ | ဘွဲ့ကြို |
| ၂၀။ | မောင်ညီထွန်းစံ | ၁၂/ဥကတ (နိုင်) ၁၉၃၉၂၁ | ဘွဲ့ကြို |
| ၂၁။ | မခိုင်သူသူ | ၁၂/ရကန (နိုင်) ၀၇၉၉၅၂ | ဘွဲ့ကြို |
| ၂၂။ | မောင်မင်းသန့်တင် | ၁၂/ပဘတ (နိုင်) ၀၃၄၇၈၃ | ဘွဲ့ကြို |
| ၂၃။ | မောင်မိုးရဲထက် | ၁၂/မဂတ (နိုင်) ၁၀၀၂၄၉ | ဘွဲ့ကြို |
| ၂၄။ | မနှင်းနန္ဒာကျော် | ၁၂/ဥကတ (နိုင်) ၁၇၆၅၈၀ | မဟာဘွဲ့ |
| ၂၅။ | မဇင်မာထွန်း | ၁၂/မရက (နိုင်) ၁၄၉၈၄၂ | မဟာဘွဲ့ |
| ၂၆။ | မခိုင်ဖြူသင်း | ၉/အမဇ (နိုင်) ၀၂၆၈၂၆ | မဟာဘွဲ့ |
| ၂၇။ | မသီရိလွင် | ၁၂/သဃက (နိုင်) ၁၆၆၅၁၅ | မဟာဘွဲ့ |
| ၂၈။ | မနှင်းပွင့်ခိုင် | ၁၂/လမတ (နိုင်) ၀၃၄၃၅၄ | မဟာဘွဲ့ |
| ၂၉။ | မရွှေရည်ဦး | ၁၂/စခန (နိုင်) ၀၆၅၇၁၃ | မဟာဘွဲ့ |
| ၃၀။ | မဝင့်မွန်အိန္ဒြာသွင် | ၁၂/ပဘတ (နိုင်) ၀၃၃၂၅၇ | မဟာဘွဲ့ |
| ၃၁။ | မအိမွန်ဖြိုး | ၁၂/လမတ (နိုင်) ၀၃၄၇၅၅ | မဟာဘွဲ့ |
| ၃၂။ | မထက်ထက်ဇော် | ၁၂/လသယ (နိုင်) ၀၅၉၆၈၂ | မဟာဘွဲ့ |
| ၃၃။ | မရဲရင့် | ၁၂/ရကန (နိုင်) ၀၈၀၃၇၅ | ဘွဲ့ကြို |
| ၃၄။ | မမေမြတ်လင်း | ၁၂/ဥကတ (နိုင်) ၁၈၄၀၉၄ | ဘွဲ့ကြို |
| ၃၅။ | မောင်လူမင်းအောင် | ၁၂/အစန (နိုင်) ၂၂၂၆၆၀ | ဘွဲ့ကြို |
| ၃၆။ | မမြတ်ဆုမေမောင် | ၁၂/အလန (နိုင်) ၀၄၇၉၀၈ | ဘွဲ့ကြို |

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ပညာတော်သင်အဆင့် |
|---|---|---|---|
| ၃၇။ | မရည်မွန်ခြူး | ၁၂/မရက (နိုင်) ၁၇၃၄၉၄ | ဘွဲ့ကြို |
| ၃၈။ | မယမုံဦး | ၁၃/လရန (နိုင်) ၁၇၄၅၀၄ | ဘွဲ့ကြို |
| ၃၉။ | မဆွေသက်လျှာဝင်း | ၁၂/ဒဂမ (နိုင်) ၀၂၉၀၅၇ | ဘွဲ့ကြို |
| ၄၀။ | မသန့်အိန္ဒြေကျော် | ၁၂/ဥကတ (နိုင်) ၁၉၁၀၅၆ | ဘွဲ့ကြို |
| ၄၁။ | မဝဿန်ဆည်းဆာကျော် | ၁၂/ဗဟန (နိုင်) ၁၀၃၅၆၇ | ဘွဲ့ကြို |
| ၄၂။ | မောင်အောင်ကောင်းဆက်ဟိန်း | ၁၂/မဂတ (နိုင်) ၁၀၂၉၅၉ | ဘွဲ့ကြို |
| ၄၃။ | မောင်မင်းစစ်သွေး | ၁၂/ပဘတ (နိုင်) ၀၃၄၉၆၀ | ဘွဲ့ကြို |
| ၄၄။ | မရွှေဥ | ၁၂/ဗတထ (နိုင်) ၀၄၂၃၀၄ | ဘွဲ့ကြို |
| ၄၅။ | မရွှေဝါလွင် | ၁၂/လမတ (နိုင်) ၀၃၆၄၇၃ | ဘွဲ့ကြို |
| ၄၆။ | မစောယုနွယ် | ၁၂/မရက (နိုင်) ၁၅၂၉၇၁ | ဘွဲ့ကြို |
| ၄၇။ | မသိမ့်သီတာ | ၁၂/သကတ (နိုင်) ၁၉၆၂၁၅ | ဘွဲ့ကြို |
| ၄၈။ | မောင်မင်းသန့်စင်ထွန်း | ၁၂/လမန (နိုင်) ၁၅၄၈၈၂ | ဘွဲ့ကြို |
| ၄၉။ | မောင်ဖွဲ့ပြည့်စုံထွန်း | ၁၂/အလန (နိုင်) ၀၄၈၁၀၁ | ဘွဲ့ကြို |
| ၅၀။ | မပိုးနန္ဒာကျော် | ၁၃/နခတ (နိုင်) ၀၇၆၂၆၄ | ပါရဂူဘွဲ့ |
| ၅၁။ | မဆုမွန်အေး | ၁၂/မရက (နိုင်) ၁၃၂၉၈၆ | ပါရဂူဘွဲ့ |
| ၅၂။ | မချယ်ရီဇင်ဦး | ၁၃/တကန (နိုင်) ၂၁၀၀၁၄ | ပါရဂူဘွဲ့ |
| ၅၃။ | ဒေါက်တာဝင်းမင်းဦး | ၈/ပမန (နိုင်) ၀၇၇၄၂၆ | ပါရဂူဘွဲ့ |
| ၅၄။ | မဇင်မေထွန်း | ၁၂/အစန (နိုင်) ၁၉၆၅၃၀ | မဟာဘွဲ့ |
| ၅၅။ | မဆုမြတ်သီရိစိုး(ခ)စန္ဒာအောင် | ၁၂/ဗတထ (နိုင်) ၀၃၈၉၆၄ | မဟာဘွဲ့ |
| ၅၆။ | မရှာန်လဲန်တီာလ် | ၁၂/လမန (နိုင်) ၁၅၂၈၁၄ | မဟာဘွဲ့ |
| ၅၇။ | မဆုထက်ဇော် | ၁၄/မမက (နိုင်) ၁၉၀၃၁၄ | မဟာဘွဲ့ |
| ၅၈။ | မဝင့်ဝင့်သက် | - | မဟာဘွဲ့ |
| ၅၉။ | မောင်အောင်ချမ်းမြေ့ | ၁၂/ဗဟန (နိုင်) ၀၉၃၃၇၈ | မဟာဘွဲ့ |
| ၆၀။ | မောင်သန့်စင်ဝင်း | ၁၂/အလန (နိုင်) ၀၄၃၅၄၉ | မဟာဘွဲ့ |
| ၆၁။ | မောင်ဟိန်းထက် | ၉/စကတ (နိုင်) ၀၉၇၅၈၆ | မဟာဘွဲ့ |
| ၆၂။ | မောင်ကျော်ဇေမင်း | ၇/ပတန (နိုင်) ၁၁၂၂၇၉ | မဟာဘွဲ့ |
| ၆၃။ | မဖြိုးသီရိအောင် | ၁၀/မလမ (နိုင်) ၂၃၁၆၆၂ | မဟာဘွဲ့ |
| ၆၄။ | မအေးမြတ်သီရိကျော် | ၁၂/ဗဟန (နိုင်) ၁၀၁၈၇၃ | မဟာဘွဲ့ |
| ၆၅။ | မခန့်စန္ဒာထက် | ၁၃/ဆဆန (နိုင်) ၀၅၅၈၅၆ | မဟာဘွဲ့ |
| ၆၆။ | မခြူးသဥ္ဇာဦး | ၈/မကန (နိုင်) ၁၇၀၅၁၂ | မဟာဘွဲ့ |
| ၆၇။ | မဝင်းလဲ့အေး | ၁၃/ကလန (နိုင်) ၀၈၂၃၆၈ | မဟာဘွဲ့ |
| ၆၈။ | မောင်ပိုင်စိုးအောင် | ၁၀/မလမ (နိုင်) ၂၁၂၃၉၁ | မဟာဘွဲ့ |
| ၆၉။ | မဆုသီရိလှိုင် | ၄/ဟခန (နိုင်) ၀၃၇၆၅၅ | မဟာဘွဲ့ |
| ၇၀။ | မမြတ်နိုးလွင် | ၁၂/ဥကတ (နိုင်) ၁၇၃၉၉၁ | မဟာဘွဲ့ |
| ၇၁။ | မယဉ်လင်းဟန် | ၁၂/ကမတ (နိုင်) ၀၇၃၆၂၄ | မဟာဘွဲ့ |
| ၇၂။ | မနှင်းဆုမွန်ဝင်း | ၁၂/ကမတ (နိုင်) ၀၇၀၅၉၇ | မဟာဘွဲ့ |
| ၇၃။ | မယွန်းမျက်သွယ် | ၇/တငန (နိုင်) ၁၈၁၀၀၈ | ဘွဲ့ကြို |
| ၇၄။ | မမေရှား | ၁၂/ကတတ (နိုင်) ၀၃၁၈၇၆ | ဘွဲ့ကြို |
| ၇၅။ | မဖူးသက်ခိုင် | ၂/လကန (နိုင်) ၀၉၇၀၅၅ | ဘွဲ့ကြို |
| ၇၆။ | မယမင်းအေး | ၁၂/ဒဂရ (နိုင်) ၀၁၄၆၆၆ | ဘွဲ့ကြို |

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ပညာတော်သင်အဆင့် |
|---|---|---|---|
| ၇၇။ | မောင်သန့်နေဆု | ၉/ပဥလ (နိုင်) ၀၃၃၀၃၀ | ဘွဲ့ကြို |
| ၇၈။ | မောင်ကျော်နိုင်ဝင်း | ၁၂/သဃက (နိုင်) ၁၉၃၃၃၀ | ဘွဲ့ကြို |
| ၇၉။ | မောင်သန်းဇော်မြင့် | ၁၀/မလမ (နိုင်) ၂၃၃၇၁၈ | ဘွဲ့ကြို |
| ၈၀။ | မောင်လိုတရစိုး | ၁၂/မရက (နိုင်) ၁၆၄၃၉၅ | ဘွဲ့ကြို |
| ၈၁။ | မောင်တွေခင်ဗျက်လျှန်း | ၁၂/ဗတထ (နိုင်) ၀၄၁၄၃၂ | ဘွဲ့ကြို |
| ၈၂။ | မသက်စုခင် | ၁၂/ဒဂတ (နိုင်) ၀၆၃၉၄၀ | ဘွဲ့ကြို |
| ၈၃။ | မောင်ဆက်မြတ်ထွန်း | ၁၂/ဒဂန (နိုင်) ၀၃၅၁၇၂ | ဘွဲ့ကြို |
| ၈၄။ | မနော်ဂလဲဒစ်(စ်)မောင်မောင် | ၁၂/ဗဟန (နိုင်) ၁၀၈၂၁၈ | ဘွဲ့ကြို |
| ၈၅။ | နန်းလိုင်ငင်း | ၁၃/တကန (နိုင်) ၂၃၄၆၃၂ | ပါရဂူဘွဲ့ |
| ၈၆။ | မအေးမြသက်တင် | ၁၂/သလန (နိုင်) ၁၀၅၁၃၇ | ပါရဂူဘွဲ့ |
| ၈၇။ | မောင်အောင်မျိုးဇော် | ၉/ခမစ (နိုင်) ၀၄၀၇၄၃ | ပါရဂူဘွဲ့ |
| ၈၈။ | မချိုမြဒါလီ | ၁၂/ဥကမ (နိုင်) ၂၁၁၄၈၁ | ပါရဂူဘွဲ့ |
| ၈၉။ | မခင်နန္ဒာဝင်း | ၁၃/ပတယ (နိုင်) ၀၄၄၅၂၃ | ပါရဂူဘွဲ့ |
| ၉၀။ | မောင်စည်သူဟန် | ၉/မရမ (နိုင်) ၀၉၂၄၂၄ | ပါရဂူဘွဲ့ |
| ၉၁။ | မမေမြတ်မိုးစော | ၁၂/ကမတ (နိုင်) ၀၆၃၀၈၀ | ပါရဂူဘွဲ့ |
| ၉၂။ | မမိကေသီချမ်း | ၃/ကကရ (နိုင်) ၁၃၂၄၄၄ | ပါရဂူဘွဲ့ |
| ၉၃။ | မသော်တာလွင် | ၁၃/မမန (နိုင်) ၀၁၄၀၂၁ | ပါရဂူဘွဲ့ |
| ၉၄။ | မသဲစုမို | ၅/မရန (နိုင်) ၂၀၅၉၁၁ | ပါရဂူဘွဲ့ |
| ၉၅။ | မစိမ်းမို့မို့လှိုင် | ၆/မမန (နိုင်) ၁၃၄၈၆၆ | ပါရဂူဘွဲ့ |
| ၉၆။ | မစည်စည်အင်ကြင်း | ၈/နမန (နိုင်) ၁၄၁၂၃၈ | ပါရဂူဘွဲ့ |
| ၉၇။ | မစိုးစိုးဇော် | ၁၂/ဒဂမ (နိုင်) ၀၁၂၃၂၅ | ပါရဂူဘွဲ့ |
| ၉၈။ | မမြတ်စန္ဒာဝင်း | ၁၂/အစန (နိုင်) ၁၉၇၇၃၀ | ပါရဂူဘွဲ့ |
| ၉၉။ | မဝေဝေဖြိုး | ၁၂/အစန (နိုင်) ၁၈၈၄၇၁ | ပါရဂူဘွဲ့ |
| ၁၀၀။ | မောင်မျိုးဝင်းမောင် | ၅/မရန (နိုင်) ၁၅၇၁၅၃ | ပါရဂူဘွဲ့ |
| ၁၀၁။ | မောင်အောင်နိုင်ဝင်း | ၈/ရနခ (နိုင်) ၀၀၃၆၇၉ | ပါရဂူဘွဲ့ |
| ၁၀၂။ | မမြတ်ဆုဟန် | ၁၂/ရကန (နိုင်) ၀၇၅၅၉၀ | ပါရဂူဘွဲ့ |
| ၁၀၃။ | မသဲယုမော် | ၉/ခအဇ (နိုင်) ၀၂၀၉၉၉ | ပါရဂူဘွဲ့ |
| ၁၀၄။ | မညိုသီရိအောင် | ၁၃/ရစန (နိုင်) ၀၆၄၀၆၈ | ပါရဂူဘွဲ့ |
| ၁၀၅။ | မပွင့်ဖြူခိုင် | ၇/ပမန (နိုင်) ၁၄၉၂၄၃ | ပါရဂူဘွဲ့ |
| ၁၀၆။ | မဖြူနှင်းသိုက် | ၁၂/တမန (နိုင်) ၀၉၇၉၂၉ | ပါရဂူဘွဲ့ |
| ၁၀၇။ | မောင်ရန်အောင်မိုး | ၇/ပခန (နိုင်) ၃၀၇၂၆၆ | ပါရဂူဘွဲ့ |
| ၁၀၈။ | မောင်လိန်းကီးထန်း | ၄/မတန (နိုင်) ၀၂၅၀၅၇ | ပါရဂူဘွဲ့ |
| ၁၀၉။ | မမြတ်ဆုမွန်ဟိန်း | ၁၂/အစန (နိုင်) ၁၇၅၃၈၇ | ပါရဂူဘွဲ့ |
| ၁၁၀။ | မောင်ကမ်တုန်းတွေခင် | ၅/ကလထ (နိုင်) ၂၁၆၉၉၂ | မဟာဘွဲ့ |
| ၁၁၁။ | မအိမ့်သင်ဇာကျော် | ၁၀/မလမ (နိုင်) ၂၂၃၉၈၉ | မဟာဘွဲ့ |
| ၁၁၂။ | မကြည်အေးနွယ် | ၁၁/ဂမန (နိုင်) ၀၃၅၀၆၅ | မဟာဘွဲ့ |
| ၁၁၃။ | မခိုင်ဇာသင်း | ၉/ခမစ (နိုင်) ၀၁၈၂၈၈ | မဟာဘွဲ့ |
| ၁၁၄။ | မစုဟန်မျိုး | ၉/ခမစ (နိုင်) ၀၂၉၆၈၇ | မဟာဘွဲ့ |
| ၁၁၅။ | မဥမ္မာမြင့် | ၁၂/ဥကမ (နိုင်) ၂၁၇၄၆၉ | မဟာဘွဲ့ |
| ၁၁၆။ | မကေဇင်ထွန်း | ၁၀/ကထန (နိုင်) ၁၂၈၃၅၈ | မဟာဘွဲ့ |
| ၁၁၇။ | မရွှန်းလဲ့မြင့် | ၁၂/ကမရ (နိုင်) ၀၅၉၃၅၃ | မဟာဘွဲ့ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

**ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **"ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ရန်ကုန်တိုင်းဒေသကြီးတရားသူကြီးချုပ် | အဖွဲ့ဝင် |
| (ဂ) | ဝန်ကြီးများအားလုံး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် | အဖွဲ့ဝင် |
| (င) | ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (စ) | တိုင်းမှူး (ဗိုလ်မှူးကြီး)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (ဈ) | ရန်ကုန်တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | တိုင်းဒေသကြီးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | တိုင်းဒေသကြီးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | တိုင်းဒေသကြီးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | တိုင်းဒေသကြီးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | တိုင်းဒေသကြီးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ထ) | တိုင်းဒေသကြီးမန်နေဂျာ၊ ရန်ကုန်တိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဒ) | တိုင်းဒေသကြီးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (န) | ယာယီအဖွဲ့ဝင် (၃)၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | အဖွဲ့ဝင် |
| (ပ) | တိုင်းဒေသကြီးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဖ) တိုင်းဒေသကြီးရောင်းဝယ်ရေးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း — အဖွဲ့ဝင်

(ဗ) ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး — အဖွဲ့ဝင်

(ဘ) ဒုတိယတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး — အဖွဲ့ဝင်

(မ) ညွှန်ကြားရေးမှူး (မြို့ပြ)၊ ရန်ကုန်တိုင်းဒေသကြီးလမ်းဦးစီးဌာန — အဖွဲ့ဝင်

(ယ) ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(ရ) တိုင်းတာဝန်ခံ၊ တိုင်းအမှတ် (၇)၊ မြန်မာ့မီးရထား — အဖွဲ့ဝင်

(လ) ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ — အဖွဲ့ဝင်

(ဝ) ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း — အဖွဲ့ဝင်

(သ) အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ — အဖွဲ့ဝင်

(ဟ) ဥက္ကဋ္ဌ၊ မထသ (ဗဟို) — အဖွဲ့ဝင်

(ဠ) ဦးစီးမှူး(ပထမတန်း)၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းရန်ကုန်တိုင်းဒေသကြီး — အဖွဲ့ဝင်

(အ) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်/ကျွမ်းကျင်သူများ — အဖွဲ့ဝင်

(ကက) အများကြည်ညိုလေးစားသောပုဂ္ဂိုလ် — အဖွဲ့ဝင်

(ခခ) အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ — အတွင်းရေးမှူး

(ဂဂ) တိုင်းဒေသကြီးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

**ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ရှမ်းပြည်နယ်အတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့် လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **"ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ — ဥက္ကဋ္ဌ

(ခ) ပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်

(ဂ) ဝန်ကြီးများအားလုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်

(ဃ) ပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်

(င) ပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်

(စ) တိုင်းဦးစီး (ဗိုလ်မှူးကြီး)၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အဖွဲ့ဝင်

(ဆ) ဥက္ကဋ္ဌ၊ စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်

(ဇ) ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး အဖွဲ့ဝင်

(ဈ) ရှမ်းပြည်နယ်မီးသတ်တပ်ဖွဲ့မှူး အဖွဲ့ဝင်

(ည) ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန အဖွဲ့ဝင်

(ဋ) ပြည်နယ်ဦးစီးမှူး၊ ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဖွဲ့ဝင်

(ဌ) ပြည်နယ်ဦးစီးမှူး၊ ရှမ်းပြည်နယ်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန အဖွဲ့ဝင်

(ဍ) ပြည်နယ်မန်နေဂျာ၊ ရှမ်းပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အဖွဲ့ဝင်

(ဎ) ပြည်နယ်ဦးစီးမှူး၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မန္တလေးမြို့) အဖွဲ့ဝင်

(ဏ) ပြည်နယ်ဦးစီးမှူး၊ ရှမ်းပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန အဖွဲ့ဝင်

(တ) ဒုတိယအင်ဂျင်နီယာချုပ်၊ ရှမ်းပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အဖွဲ့ဝင်

(ထ) အထွေထွေမန်နေဂျာ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အဖွဲ့ဝင်

(ဒ) ပြည်နယ်ရောင်းဝယ်ရေးအရာရှိ၊ ရှမ်းပြည်နယ်ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း အဖွဲ့ဝင်

(ဓ) ရှမ်းပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်

(န) ညွှန်ကြားရေးမှူး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် အဖွဲ့ဝင်

(ပ) ညွှန်ကြားရေးမှူး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အဖွဲ့ဝင်

(ဖ) ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင်

(ဗ) ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်

(ဘ) ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်

(မ) ကိုယ်စားလှယ် (၁) ဦး မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရှမ်းပြည်နယ် အဖွဲ့ဝင်

(ယ) ပြည်နယ်ဦးစီးမှူး၊ ရှမ်းပြည်နယ်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အဖွဲ့ဝင်

(ရ) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်/ကျွမ်းကျင်သူများ အဖွဲ့ဝင်

(လ) အများကြည်ညိုလေးစားသောပုဂ္ဂိုလ် အဖွဲ့ဝင်

(ဝ) အတွင်းရေးမှူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး

(သ) ပြည်နယ်ဦးစီးမှူး၊ ရှမ်းပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တွဲဖက်အတွင်းရေးမှူး

၂။ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၉၄/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

## ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **"ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | တရားသူကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် | အဖွဲ့ဝင် |
| (ဂ) | ဝန်ကြီးများအားလုံး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ဥပဒေချုပ်၊ ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (င) | စာရင်းစစ်ချုပ်၊ ဧရာဝတီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | တိုင်းမှူး (ဗိုလ်မှူးကြီး)၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီးစစ်မှုထမ်းဟောင်းအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | တိုင်းရဲတပ်ဖွဲ့မှူး၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | တိုင်းဦးစီးမှူး၊ ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | တိုင်းဦးစီးမှူး၊ ဧရာဝတီတိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | တိုင်းလျှပ်စစ်အင်ဂျင်နီယာ၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | တိုင်းပညာရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (ထ) | တိုင်းဦးစီးမှူး၊ ဧရာဝတီတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဧရာဝတီတိုင်းဒေသကြီးလမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (န) | တိုင်းမန်နေဂျာ၊ မြန်မာ့မီးရထား (သွားလာရေးဌာန) | အဖွဲ့ဝင် |
| (ပ) | လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဖ) | ဒုတိယညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဗ) | လက်ထောက်ညွှန်ကြားရေးမှူး၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |

(ဘ) ဌာနခွဲမန်နေဂျာ၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း အဖွဲ့ဝင်

(မ) ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်

(ယ) အတွင်းရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်

(ရ) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်/ကျွမ်းကျင်သူများ အဖွဲ့ဝင်

(လ) အများကြည်ညိုလေးစားသောပုဂ္ဂိုလ် အဖွဲ့ဝင်

(ဝ) အတွင်းရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး

(သ) တိုင်းဦးစီးမှူး၊ ဧရာဝတီတိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တွဲဖက်အတွင်းရေးမှူး

၂။ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

### နေပြည်တော်ကောင်စီနယ်မြေ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၇ အရ **"နေပြည်တော်ကောင်စီနယ်မြေ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ

(ခ) ကောင်စီဝင်များ (၉) ဦး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်

(ဂ) ဒုတိယမြို့တော်ဝန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်

(ဃ) တိုင်းဦးစီး (ဗိုလ်မှူးကြီး)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် အဖွဲ့ဝင်

(င) တပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့ အဖွဲ့ဝင်

(စ) အထွေထွေမန်နေဂျာ၊ နေပြည်တော်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အဖွဲ့ဝင်

(ဆ) အင်ဂျင်နီယာချုပ်၊ နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အဖွဲ့ဝင်

(ဇ) ညွှန်ကြားရေးမှူး၊ နေပြည်တော်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အဖွဲ့ဝင်

(ဈ) နေပြည်တော်ပညာရေးမှူး၊ နေပြည်တော်ပညာရေးမှူးရုံး အဖွဲ့ဝင်

(ည) နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်

| | | |
|---|---|---|
| (ဍ) | ညွှန်ကြားရေးမှူး (မြို့ပြ)၊ နေပြည်တော်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူး၊ နေပြည်တော်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (ဏ) | ဦးစီးဌာနမှူး၊ နေပြည်တော်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | တိုင်းဦးစီးမှူး၊ နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | တိုင်းဦးစီးမှူး၊ နေပြည်တော်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | လက်ထောက်အထွေထွေမန်နေဂျာ၊ နေပြည်တော်မြန်မာ့မီးရထား | အဖွဲ့ဝင် |
| (ထ) | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဒ) | လက်ထောက်ညွှန်ကြားရေးမှူး<br>နေပြည်တော်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဥက္ကဋ္ဌ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (န) | ဥက္ကဋ္ဌ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (ပ) | ဥက္ကဋ္ဌ၊ နေပြည်တော်စစ်မှုထမ်းဟောင်းအဖွဲ့ | အဖွဲ့ဝင် |
| (ဖ) | ဦးစီးမှူး (ပထမတန်း)၊ နေပြည်တော်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဗ) | သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်/ကျွမ်းကျင်သူများ | အဖွဲ့ဝင် |
| (ဘ) | အများကြည်ညိုလေးစားသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (မ) | အတွင်းရေးမှူး၊ နေပြည်တော်ကောင်စီ | အတွင်းရေးမှူး |
| (ယ) | တိုင်းဦးစီးမှူး၊ နေပြည်တော်ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ နေပြည်တော်ကောင်စီနယ်မြေသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၂၀/၂၀၁၅)

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်) အင်္ဂါနေ့သည် "ဒီပါဝလီနေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက် ဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၀။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၀ ။ )**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၂) ကို ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၁) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၁) တွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ဖြင့် အစားထိုး၍ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၂) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအခန်း (၄) ၏နောက်တွင် အခန်း (၅)၊ အခန်း (၆)နှင့် အခန်း (၇) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"အခန်း (၅)**

**ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ ခန့်အပ်တာဝန်ပေးခြင်းနှင့် အရည်အချင်းများ**

၁၂။ ကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ) ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များအရ အောက်ပါရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ခ) ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ဃ) ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(င) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ကော်မရှင်က သတ်မှတ်ထားသည့် မူဝါဒနှင့်အညီ မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများကို ဖွဲ့စည်းရမည်။

၁၄။ ကော်မရှင်သည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ) အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခြင်းခံရသူ ပုဂ္ဂိုလ်အနည်းဆုံး ၃ ဦးဖြင့်ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်များထဲမှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲအရာရှိကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။ လိုအပ်လျှင် နိုင်ငံ့ဝန်ထမ်းများကို အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မ ၁၃ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခံရသူ ပုဂ္ဂိုလ်အနည်းဆုံး ၃ ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်များထဲမှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေးသည် ယင်းရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၆။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) အသက် (၄၀) နှစ်ပြည့်ပြီးသူ (ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များအတွက် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်။)၊

( ခ ) နိုင်ငံသားဖြစ်သူ၊

( ဂ ) သိက္ခာသမာဓိနှင့် ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ၊

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

( င ) သက်ဆိုင်ရာဒေသတွင် အမြဲနေထိုင်ပြီး ဒေသခံပြည်သူများက ယုံကြည်လေးစားသူ၊

( စ ) နိုင်ငံရေးပါတီဝင်မဟုတ်သူ၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည့်အပြင် မိမိတာဝန်ကျသည့် ဒေသ/မြို့နယ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ မိသားစုဝင်နှင့် အတူနေဆွေမျိုးသားချင်းများ မဖြစ်စေရ၊ ကော်မရှင်အဖွဲ့ခွဲဝင် တစ်ဦးဦးသည် ဤအချက်နှင့် ငြိစွန်းပါက နုတ်ထွက်ရမည်၊

(ဇ) နိုင်ငံရေးပြစ်မှုဖြင့်သော်လည်းကောင်း၊ အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုဖြင့်သော်လည်းကောင်း တရားရုံး၏ ပြစ်ဒဏ်စီရင်ချက်ကျခံဖူးသူ မဖြစ်စေရ။

၁၇။ ပုဒ်မ ၁၆ ပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၂၂ အရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီရယူဆောင်ရွက်နိုင်သည်။

## **အခန်း (၆)**
## **တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၈။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊

( ခ ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊

( ဂ ) သက်ဆိုင်ရာကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊

(ဃ) မဲစာရင်းများ ပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့်ကြေညာခြင်း၊

(င) ရရှိသည့် ရန်ပုံငွေများကို စနစ်တကျသုံးစွဲခြင်း၊ သုံးစွဲစေခြင်း၊

(စ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဆ) ရွေးကောက်ပွဲနှင့်သက်ဆိုင်သော စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာပြုစု ထိန်းသိမ်းခြင်း၊

(ဇ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ဖော်ဆောင်ခြင်း၊

(ဈ) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှတစ်ပါး အခြားကိစ္စများနှင့် စပ်လျဉ်း၍ ပေါက်ကြားခြင်းမရှိစေရန် စောင့်ထိန်းခြင်း၊

(ည) ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်း၊ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်း၊

(ဋ) ကော်မရှင်ကပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်း။

၁၉။ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်ပါတို့ကို လိုက်နာရမည် -

(က) လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို တိကျမှန်ကန်စွာ လိုက်နာဆောင်ရွက်ခြင်း၊

(ခ) မိမိတာဝန်ကို ဘက်မလိုက်ဘဲ ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်ခြင်း၊

(ဂ) မိမိ၏တာဝန်၊ သိက္ခာနှင့်အညီ ပြောဆိုနေထိုင်ကျင့်ကြံခြင်း၊

(ဃ) ကော်မရှင်က ညွှန်ကြား၍ဆောင်ရွက်ရသည်မှအပ ပါတီတွင်းကိစ္စများတွင် ဝင်ရောက် စွက်ဖက်မှု မပြုရခြင်း။

## အခန်း (၇)

## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ သက်တမ်း

၂၀။ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ သက်တမ်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့ရာတွင် သက်တမ်း ကုန်ဆုံးပြီးဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ကော်မရှင်အသစ် တစ်ရပ်ဖွဲ့စည်းပြီးနောက် ယင်းကော်မရှင်က ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းပြီးသည့် အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။"

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၏ အခန်း (၅) ကို အခန်း (၈) အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၂ ကို ပုဒ်မ ၂၁ အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ (က) ယခင်ဖွဲ့စည်းထားပြီးဖြစ်သော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်တို့သည် ဤပြင်ဆင်သည့်ဥပဒေအရဖွဲ့စည်းထားသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖြစ်သည်ဟု၍ မှတ်ယူရမည်။

(ခ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲကျင်းပခြင်း နှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို မိမိ၏ဘဏ္ဍာငွေမှ ကျခံသုံးစွဲရန် နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်။

(ဂ) ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ရရှိခံစားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။"

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၀ တို့ကို ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )

**မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၁။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီဥပဒေ

## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၁ ။ )

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကော်မတီ**ဆိုသည်မှာ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီကို ဆိုသည်။

(ခ) **တမံကြီးများ**ဆိုသည်မှာ အမြင့် ၁၅ မီတာနှင့်အထက် သို့မဟုတ် အမြင့် ၅ မီတာမှ ၁၅ မီတာအထိရှိ၍ ရေထုထည်ပမာဏ ၃ သန်း ကုဗမီတာနှင့်အထက် သိုလှောင်နိုင်သော မြေသားတမံ၊ ကျောက်ဖြည့်တမံ၊ ကွန်ကရစ်တမံများကို ဆိုသည်။

(ဂ) **အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်**ဆိုသည်မှာ ၁၉၂၈ ခုနှစ်၊ ဇူလိုင်လတွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ဌာနချုပ်ရုံးကို ဖွဲ့စည်းတည်ထောင်၍ ရေလှောင်တမံများနှင့် ဆက်စပ်ရေအား အဆောက်အအုံများ လုံခြုံစိတ်ချရမှု၊ စီးပွားရေးတွက်ခြေကိုက်မှုရှိစေရန် တည်ဆောက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖြစ်တည်ပေါ်ပေါက်စေနိုင်မည့် အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံများ နှီးနှောဖလှယ်ရေးနှင့် စံနှုန်းများ သတ်မှတ်ရာတွင် ကျွမ်းကျင်မှုပေးသော အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **ဒေသတွင်းအဖွဲ့ခွဲများ**ဆိုသည်မှာ မြန်မာနိုင်ငံတွင် အနည်းဆုံး ကော်မတီအဖွဲ့ဝင် ၁၅ ဦးရှိသော ဒေသများတွင် ဖွဲ့စည်းထားသည့် အဖွဲ့ခွဲများကို ဆိုသည်။

(င) **နည်းပညာဆိုင်ရာအဖွဲ့ခွဲများ**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်၏ နည်းပညာဆိုင်ရာ အဖွဲ့ခွဲများကို အခြေခံ၍ ဘာသာရပ်အလိုက်စုစည်းကာ လိုအပ်ချက်နှင့်အညီ ကော်မတီက ဖွဲ့စည်းထားသော အဖွဲ့ခွဲများကို ဆိုသည်။

(စ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဆ) **ဥက္ကဋ္ဌ**ဆိုသည်မှာ ကော်မတီဝင်များက ရွေးချယ်တာဝန်ပေးအပ်သော အလုပ်အမှုဆောင် ကော်မတီ၏ ဥက္ကဋ္ဌကိုဆိုသည်။

(ဇ) **အတွင်းရေးမှူးများအဖွဲ့**ဆိုသည်မှာ သတင်းအချက်အလက်များ ရယူစိစစ်ခြင်းလုပ်ငန်းနှင့် ကော်မတီရုံးလုပ်ငန်းကို ဦးစီးဆောင်ရွက်သော အမြဲတမ်းအဖွဲ့အစည်းကို ဆိုသည်။

## အခန်း (၂)
## ဖွဲ့စည်းခြင်းဆိုင်ရာအခြေခံမူများနှင့် ရည်ရွယ်ချက်များ

၃။ ကော်မတီ၏ ဖွဲ့စည်းခြင်းဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီသည် တမံကြီးများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်သည့် လုပ်ငန်းနယ်ပယ်များတွင် စိတ်ပါဝင်စား၍ တက်ကြွစွာပါဝင်ဆောင်ရွက်လိုသော လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများစသည်တို့ကို စုစည်းထားသော ပညာရပ်ဆိုင်ရာ အဖွဲ့အစည်း ဖြစ်သည်။

(ခ) တမံကြီးများတည်ဆောက်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ လေ့လာခြင်း၊ စီမံခြင်း၊ စူးစမ်းခြင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီးတမံကြီးများထိန်းသိမ်းလည်ပတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ စက်ယန္တရား၊ ယာဉ်နှင့် စက်ပစ္စည်းကိရိယာများထုတ်လုပ်ခြင်း၊ တည်ဆောက်ရေး ပစ္စည်းများ ထုတ်လုပ်ခြင်း၊ နည်းပညာအချက်အလက်များဖလှယ်ခြင်းနှင့် ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တမံကြီးများနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းအပါအဝင် အခြားလုပ်ငန်းတစ်ခုခုတွင် သတ်မှတ်ချက်များနှင့်အညီ ပါဝင်ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများကို ကော်မတီအဖွဲ့ဝင်များဖြင့် အခြေခံ၍ ဖွဲ့စည်းရမည်။

(ဂ) ကော်မတီကို လွတ်လပ်၍ ကိုယ်ပိုင်ရပ်တည်နိုင်သော အခြေခံမူများနှင့်အညီ တည်ထောင်ရမည်။

၄။ ကော်မတီ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီအဖွဲ့ဝင်များသည် တမံကြီးများ၏လုပ်ငန်းဆိုင်ရာတာဝန်ဝတ္တရားများကို သိရှိနားလည်စေရန်၊

(ခ) ကော်မတီအဖွဲ့ဝင်များ၏ စိတ်အားထက်သန်မှုနှင့် ခံယူချက်ကို မြှင့်တင်ပေးရန်၊

(ဂ) ကော်မတီအဖွဲ့ဝင်များအချင်းချင်း တမံကြီးများဆိုင်ရာ သတင်းအချက်အလက်များနှင့် မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများကိုဖလှယ်ပြီး ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုကို မြှင့်တင်ပေးရန်၊

(ဃ) တမံကြီးများဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး အကျိုးတရားများကို စိစစ်သုံးသပ်ရာတွင် အတိုင်ပင်ခံ ပညာရှင်များအဖြစ် ဆောင်ရွက်ပေးနိုင်ရန်၊

(င) မြန်မာနိုင်ငံအတွင်းရှိ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်ရှိသည့် တမံကြီး များ၏ လုံခြုံစိတ်ချရမှု၊ ခိုင်ခံ့တည်မြဲမှု၊ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့် လူမှုရေးပတ်ဝန်းကျင် တို့အပေါ် အကျိုးသက်ရောက်မှု၊ စွမ်းရည်မြင့်မားတိုးတက်မှု၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအတွက် ကျယ်ပြန့်စွာဆွေးနွေး ညှိနှိုင်း ဆောင်ရွက်ရန်၊

(စ) တည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာဥပဒေများနှင့်အညီ နိုင်ငံတွင်း၊ ဒေသတွင်းအပါအဝင် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာကော်မရှင်များနှင့်ပူးပေါင်းဆက်သွယ် ဆောင်ရွက်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ခုနစ်ဦးထက်မပိုသော ကော်မတီ၏နာယကအဖွဲ့ကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(ခ) ဒုတိယဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(ဂ) ဒုတိယဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊

(ဃ) ဝါရင့်ပညာရှင်များ။

၆။ နာယကအဖွဲ့သည် -

(က) ကော်မတီ၏ ပထမအကြိမ် အထွေထွေညီလာခံကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကျင်းပသည့် အထွေထွေညီလာခံတွင် စုစုပေါင်းအဖွဲ့ဝင် ၄၅ ဦးထက်မပိုသော ဦးရေဖြင့် ကော်မတီကို ဖွဲ့စည်းရမည်။

၇။ ကော်မတီဝင်များသည် မိမိတို့ကော်မတီဝင်များထဲမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် အလုပ်အမှုဆောင် ကော်မတီကို စုစုပေါင်း အဖွဲ့ဝင် ၁၅ ဦးဖြင့် အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်ရမည် -

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ | ၁ ဦး |
| (ခ) | ဒုတိယဥက္ကဋ္ဌ | ၂ ဦး |
| (ဂ) | အတွင်းရေးမှူး | ၁ ဦး |
| (ဃ) | တွဲဖက်အတွင်းရေးမှူး | ၂ ဦး |
| (င) | ဘဏ္ဍာရေးမှူး | ၁ ဦး |
| (စ) | စာရင်းစစ် | ၁ ဦး |
| (ဆ) | အလုပ်အမှုဆောင်အဖွဲ့ဝင် | ၇ ဦး။ |

၈။ နာယကအဖွဲ့သည် ကော်မတီနှင့် အလုပ်အမှုဆောင်ကော်မတီတို့ကို လိုအပ်သော လမ်းညွှန်မှုများ ပြုလုပ်ဆောင်ရွက်ခွင့်ရှိသည်။

၉။ ကော်မတီသည် ကော်မတီ၏ဖွဲ့စည်းပုံကို အထွေထွေညီလာခံ၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ဖြည့်စွက်ခွင့်ရှိသည်။

၁၀။ ကော်မတီ၏ အထွေထွေညီလာခံကို နှစ်နှစ်လျှင်တစ်ကြိမ်ကျင်းပ၍ ကော်မတီအသစ်ကိုဖွဲ့စည်းရမည်။

၁၁။ ကော်မတီသည် အောက်ပါလုပ်ငန်းများအပေါ် တာဝန်ခံရမည် -

(က) အထွေထွေညီလာခံအစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ကော်မတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများနှင့် အညီ အကောင်အထည်ဖော်ခြင်း၊

(ခ) လုပ်ငန်းအစီအစဉ်၊ ရသုံးမှန်းခြေငွေစာရင်း၊ ကော်မတီ၏ ဖွဲ့စည်းပုံတို့ကို အဆုံးအဖြတ်ပြုခြင်း၊

(ဂ) အလုပ်အမှုဆောင်ကော်မတီဝင် ၁၅ ဦးကို ရွေးချယ်ခြင်း။

၁၂။ ကော်မတီရုံးမှထုတ်ပြန်ဖြန့်ဝေသည့် အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ ဖြန့်ဝေစာများနှင့်မဂ္ဂဇင်းများသည် ကော်မတီ၏ တရားဝင်ထုတ်ပြန်ချက်ဟု မှတ်ယူရမည်။ ကော်မတီသည် မိမိ၏ ကိုယ်ပိုင်အမှတ်တံဆိပ်နှင့် တံဆိပ်တုံးတို့ကို သုံးစွဲခွင့်ရှိပြီး ပုံသေပိုင်ပစ္စည်းများ၊ ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားငွေဘဏ်စာရင်းများ ထူထောင်ထားရှိနိုင်သည်။

## အခန်း (၄)
## အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း

၁၃။ အလုပ်အမှုဆောင်ကော်မတီသည် အောက်ပါအဖွဲ့ခွဲများကို ဖွဲ့စည်းပေးရမည် -

(က) ဒေသတွင်းအဖွဲ့ခွဲများ၊

(ခ) နည်းပညာဆိုင်ရာအဖွဲ့ခွဲများ။

၁၄။ ဒေသတွင်းအဖွဲ့ခွဲများကို အနည်းဆုံး တင်းပြည့်အဖွဲ့ဝင် ၁၅ ဦးရှိသောဒေသများတွင် ဖွဲ့စည်းနိုင်သည်။ အဖွဲ့ခွဲ၏အစည်းအဝေးကို တစ်နှစ်လျှင်အနည်းဆုံးတစ်ကြိမ်ကျင်းပပြီး အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) အဖွဲ့ခွဲ၏ ဆောင်ရွက်မည့်လုပ်ငန်းများ သတ်မှတ်ခြင်းနှင့် လုပ်ငန်းအစီရင်ခံစာကို ဆွေးနွေးအတည်ပြုခြင်း၊

(ခ) ကော်မတီ၏အစီရင်ခံစာများကို ဆွေးနွေးခြင်းနှင့်ကော်မတီသို့ အစီရင်ခံစာ တင်သွင်းခြင်း၊

(ဂ) အထွေထွေညီလာခံ အစည်းအဝေးတွင်ပါဝင်ရန် ကိုယ်စားလှယ်များသတ်မှတ်ရွေးချယ်ခြင်းနှင့် အဖွဲ့ခွဲအမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တာဝန်ပေးအပ်ခြင်း၊

(ဃ) အဖွဲ့ခွဲအမှုဆောင်အဖွဲ့ဝင် အရေအတွက်ကို သတ်မှတ်ဆုံးဖြတ်ခြင်း။

၁၅။ နည်းပညာဆိုင်ရာအဖွဲ့ခွဲများကို အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်၏ နည်းပညာဆိုင်ရာ အဖွဲ့များကိုအခြေခံ၍ ဘာသာရပ်အလိုက်စုစည်းကာ လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းနိုင်သည်။ အဖွဲ့ခွဲများသည် မိမိတို့ဆက်စပ်ရာ ဘာသာရပ်အလိုက် အဖွဲ့ခွဲဝင်များကိုစုစည်း၍ မိမိတို့အဖွဲ့ခွဲအလိုက် ဆောင်ရွက်မည့် လုပ်ငန်းများ သတ်မှတ်ခြင်း၊ အစည်းအဝေးကျင်းပခြင်း၊ ဆောင်ရွက်ချက်၊ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၁၆။ အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီလုပ်ငန်းများကို အထောက်အကူပြုရန် -

(က) အလုပ်အမှုဆောင်ကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင် ကော်မတီက တာဝန်ပေးအပ်သောအဖွဲ့များမှ အဖွဲ့ဝင်များပါဝင်စေလျက် အတွင်းရေးမှူးများ အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) တမံကြီးများနှင့်သက်ဆိုင်သည့် လိုအပ်သော အထူးအဖွဲ့များကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်း နိုင်သည်။

## အခန်း (၅)
## ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၇။ ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တမံကြီးများတည်ဆောက်၍ အသုံးချရာတွင် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး၊ ဘေးကင်းလုံခြုံစိတ်ချစေရေးနှင့် စွမ်းဆောင်ရည်မြင့်မားသော ရင်းနှီးမြှုပ်နှံမှုဖြစ်စေရေးအတွက် အဖွဲ့ဝင်များ၏ အသိအမြင်များကို မြှင့်တင်ပေးခြင်း၊ ဖန်တီးနိုင်စွမ်းနှင့်စိတ်အားထက်သန်မှုတို့ကို တိုက်တွန်းအားပေးခြင်း၊

(ခ) အရည်အသွေးမြင့်မားသော တမံကြီးများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပါဝင်ကြသောလူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပညာပေးခြင်းနှင့် လုပ်ငန်းစွမ်းရည်အဆင့် တိုးတက်မြင့်မားစေရန် ကူညီဆောင်ရွက်ပေးခြင်း၊ တိုက်တွန်းအားပေးခြင်း၊

(ဂ) နိုင်ငံတော်က တည်ဆောက်ဆဲ၊ တည်ဆောက်မည့် တမံကြီး စီမံကိန်းများကို ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အရ စူးစမ်းလေ့လာမှုအပိုင်း၊ ဒီဇိုင်းစနစ်ချမှတ်မှုအပိုင်း၊ အသေးစိတ်ဒီဇိုင်းပုံစံထုတ်လုပ်မှုအပိုင်း၊ တည်ဆောက်အကောင်အထည်ဖော်မှုအပိုင်းတို့ကို စိစစ်ခြင်း၊ ထောက်ခံအကြံပြုချက်ပေးခြင်း၊

(ဃ) နိုင်ငံတော်၏ တည်ဆောက်ပြီး တမံကြီးစီမံကိန်းများကို ကော်မတီက ကြီးကြပ်မှုစစ်ဆေးခြင်းဆက်စပ်လုပ်ငန်းများနှင့် ရေအားအဆောက်အအုံများအား လည်ပတ်အသုံးချမှု၊ ထိန်းသိမ်းထားရှိမှုတို့ကို စစ်ဆေးခြင်း၊ အကြံပြုထောက်ခံချက်ပေးခြင်း၊

(င) တမံကြီးများ၏ ဖွံ့ဖြိုးမှုနှင့် ဆက်နွှယ်သော သိပ္ပံနှင့်နည်းပညာဘာသာရပ်ဆိုင်ရာ အသိပညာဗဟုသုတများ အသိပေးဖြန့်ဖြူးခြင်း၊

(စ) လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များ၊ ပညာရပ်ပိုင်းဆိုင်ရာကျင့်ဝတ်များ၊ စံချိန်စံညွှန်းများနှင့်အညီ တမံကြီးများကို လေ့လာစိစစ်ခြင်း၊ တည်ဆောက်ခြင်း၊ နည်းဗျူဟာများချမှတ်ခြင်း၊ ဆက်စပ်စီမံခန့်ခွဲခြင်းနှင့် အသုံးပြုခြင်းတို့ဆောင်ရွက်ရာတွင် လိုအပ်သည့် အထောက်အပံ့များပေးခြင်း၊ တမံကြီးများဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသည့်ဌာန၊ အဖွဲ့အစည်းအသီးသီးသို့ သဘောထားမှတ်ချက်များ ဖြန့်ဝေပေးခြင်း၊ ကော်မတီ၏ လေ့လာသုံးသပ်ချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းတိုင်ပင်အကြံပြုဆောင်ရွက်ခြင်း၊

(ဆ) ကော်မတီသည် ရေအရင်းအမြစ်များထုတ်နုတ်အသုံးချမှုဆိုင်ရာ အခြားဆက်စပ်အဖွဲ့အစည်းများနှင့် ပေါင်းစည်းညှိနှိုင်း၍ တမံကြီးများကို တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းတာဝန်ယူဆောင်ရွက်ခြင်း၊

(ဇ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဈ) ကော်မတီအဖွဲ့ဝင်ဖြစ်သည့် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ ပညာရပ်ပိုင်းကျွမ်းကျင်မှုဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးခြင်း။

၁၈။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်မှ တမံကြီးများဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများချမှတ်ဆောင်ရွက်ရာတွင် လိုအပ်သည့်ရှင်းလင်းချက်နှင့် သဘောထား မှတ်ချက်တို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှတစ်ဆင့် တင်ပြခြင်းဖြင့် နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ခ) နိုင်ငံတော်အတွင်း တည်ဆောက်ဆဲ၊ တည်ဆောက်မည့် တမံကြီးစီမံကိန်းများကို ကော်မတီ၏ တာဝန်အရလည်းကောင်း၊ အထူးလိုအပ်ချက် အခြေအနေအရလည်းကောင်း အတိုင်ပင်ခံအဖြစ်ဆောင်ရွက်ခြင်း၊ ဆန်းစစ်ဝေဖန်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ နည်းပညာဆိုင်ရာ ကြီးကြပ်အကြံပြုခြင်းတို့တွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဂ) တမံကြီးများ ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်ရန် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဃ) တမံကြီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ထုံးလုပ်နည်း စည်းမျဉ်းများနှင့်အညီ အကြံပေးခြင်း၊ သတင်းပေးခြင်းစသည်တို့ကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ တမံကြီးများဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများဖြစ်သည့် ဒီဇိုင်းပုံထုတ်လုပ်ခြင်း၊ အသုံးပြုခြင်း၊ အဆင့်မြင့်နည်းပညာများ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း စသည်တို့အတွက် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) မိမိ၏ လက်အောက်ခံအဖွဲ့အစည်းများကို ဖွဲ့စည်းထူထောင်ခြင်း၊

(စ) ညီလာခံများ၊ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးနှီးနှောဖလှယ်ပွဲများ ခေါ်ယူကျင်းပခြင်း၊

(ဆ) တမံကြီးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတွေ့အကြုံများဖလှယ်ဖြန့်ဝေခြင်း၊ လေ့ကျင့်မှု၊ ပို့ချမှုများ ပြုလုပ်ခြင်း၊ သုတေသနတွေ့ရှိချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊

(ဇ) ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာတမံကြီးများ နှင့်ဆိုင်သောလုပ်ငန်းအုပ်စုများတွင် မိမိ၏အဖွဲ့ဝင်များကို ဥပဒေများနှင့်အညီပါဝင်ဆောင်ရွက်ရန် တာဝန်သတ်မှတ်ပေးခြင်း၊

(ဈ) အဖွဲ့ဝင်များနှင့် တမံကြီးများဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းအသီးသီးတွင် ပါဝင်ဆောင်ရွက်နေသူများကို လုပ်ငန်းဆိုင်ရာ သင်တန်းများ ပို့ချခြင်း၊

(ည) သုတေသနဖော်ထုတ်ချက်များ၊ လေ့လာပြီးလုပ်ငန်းများ၊ သုတေသနတွေ့ရှိချက်များနှင့် ပညာရပ် ဆိုင်ရာ စာစောင်များကို ထုတ်ဝေခြင်း၊ ကြေညာခြင်းနှင့် လုပ်ငန်းဆိုင်ရာ အသိပညာများကို ဖြန့်ဖြူးပေးခြင်း၊

(ဋ) ရရှိသော ငွေကြေးအရင်းအမြစ်များကို ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ သုံးစွဲခြင်း၊

(ဌ) အဖွဲ့ဝင်များအတွက် ပညာရပ်ပိုင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ၊ စိစစ်ရေးကတ်ပြားများ ထုတ်ဝေပေးခြင်း၊

(ဍ) အဖွဲ့ဝင်လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အရည်အသွေးနှင့် စည်းကမ်းလိုက်နာမှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ၊ ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေးအပ်ခြင်း။

## အခန်း (၆)
## ကော်မတီ အဖွဲ့ဝင်များ၏ တာဝန်နှင့်အခွင့်အရေးများ

၁၉။ ကော်မတီအဖွဲ့ဝင်များ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများကို အကောင်အထည်ဖော်ခြင်း၊ ကော်မတီ၏ညွှန်ကြားချက် များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ မိမိ၏စွမ်းဆောင်ရည်အလိုက် ကော်မတီလုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ်တိုးတက်စေရန် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်း ဆိုင်ရာ အရည်အသွေးကို ထိန်းသိမ်းခြင်း၊

(ဂ) ကော်မတီ၏ အကျိုးစီးပွားကို ကာကွယ်ခြင်း၊ ကော်မတီ၏ ဆောင်ရွက်ချက်များကို အများပြည်သူ သဘောပေါက်နားလည်စေရန် ရှင်းလင်းဖြန့်ဝေခြင်း၊ အဖွဲ့ဝင်သစ်များ တိုးပွားစေရန် စည်းရုံးခြင်း၊

(ဃ) အဖွဲ့ဝင်များသည် ကော်မတီ၏ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီ၏ လုပ်ငန်းရပ်များကို အခကြေးငွေရယူခြင်းမရှိဘဲ အစဉ်တစိုက် ပါဝင်ဆောင်ရွက်ခြင်း၊

(င) ကော်မတီသို့ သတ်မှတ်ထားသည့် အခကြေးငွေများ ပေးသွင်းခြင်း။

၂၀။ ကော်မတီအဖွဲ့ဝင်များ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကော်မတီ၏ ဆောင်ရွက်မှုများ၊ ဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ခ) တွဲဖက်အဖွဲ့ဝင်များနှင့် ဂုဏ်ထူးဆောင်အဖွဲ့ဝင်များမှအပ ကျန်အဖွဲ့ဝင်များသည် မဲပေးရွေးချယ်မှုနှင့် ဖွဲ့စည်းတာဝန်ပေးမှုတို့တွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဂ) တမံကြီးများဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်ခြင်းနှင့် တမံကြီးများ ဖွံ့ဖြိုးမှုဆိုင်ရာ ပညာရပ်ပိုင်းအဆင့်အတန်းတိုးတက်စေရန် ကော်မတီ၏ အကူအညီများရယူခွင့်ရှိခြင်း၊

(ဃ) အဆိုပြုချက်များ၊ တီထွင်မှုများ၊ သုတေသနပြုချက်များအတွက် ကော်မတီ၏ ကူညီထောက်ပံ့မှုများ ရယူခွင့်ရှိခြင်း၊

(င) ပညာရပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအတွက် ကော်မတီ၏ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အကာအကွယ်ပေးမှုကို ရယူခွင့်ရှိခြင်း၊

(စ) ပညာရပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် တမံကြီးများဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအတွက် ကော်မတီ၏ အသိအမှတ်ပြုထောက်ခံချက် ရယူဆောင်ရွက်ခွင့်ရှိခြင်း၊

၂၁။ ကော်မတီသည် မြန်မာနိုင်ငံ၏ တမံကြီးများနှင့် ဆက်စပ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော သို့မဟုတ် စိတ်ပါဝင်စားသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် မြန်မာနိုင်ငံသား လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် မြန်မာနိုင်ငံအတွင်း တရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများက ကော်မတီ၏ဖွဲ့စည်းပုံစည်းမျဉ်းများကို သဘောတူပြီး ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် အဆိုပြုလာလျှင်ကော်မတီ၏ အဖွဲ့ဝင်အဖြစ် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၂၂။ (က) ကော်မတီအဖွဲ့ဝင် အမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) အစုအဖွဲ့ဝင်များဆိုရာတွင် ဆန်းစစ်လေ့လာမှုအဖွဲ့များ၊ စီးပွားရေးဆိုင်ရာ အစုအဖွဲ့များ၊ လေ့ကျင့်ရေး၊ တည်ဆောက်ရေး၊ ပစ္စည်းကိရိယာထုတ်လုပ်ရေး၊ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ဆက်စပ်သည့် အဖွဲ့များ စသည်တို့ပါဝင်သည်။

(၂) ပုဂ္ဂိုလ်တစ်ဦးချင်းအဖွဲ့ဝင်များဆိုရာတွင် မန်နေဂျာများ၊ ပညာရှင်များ၊ နည်းပညာပါရဂူများ၊ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးဆောင်ရွက်သူများနှင့် တမံကြီးများဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများ စသည်တို့ပါဝင်သည်။

(၃) တင်းပြည့်အဖွဲ့ဝင်များဆိုသည်မှာ ကော်မတီလုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်ရန် အခြေအနေရှိသော ပြည်တွင်းအဖွဲ့ဝင်များဖြစ်သည်။

(၄) တွဲဖက်အဖွဲ့ဝင်များဆိုသည်မှာ ကော်မတီတွင် ပူးပေါင်းပါဝင်ရန် ဆန္ဒရှိသော်လည်း ကော်မတီလုပ်ငန်းများတွင် အပြည့်အဝဆောင်ရွက်ရန် အခြေအနေမရှိသောသူများ ဖြစ်သည်။

(၅) ဂုဏ်ထူးဆောင်အဖွဲ့ဝင်များဆိုသည်မှာ တမံကြီးများဆိုင်ရာ မြင့်မားသော လုပ်ငန်းစွမ်းဆောင်ရည်၊ ပညာအရည်အချင်းနှင့် အတွေ့အကြုံရှိသူများဖြစ်ကြသော်လည်း ကော်မတီ၏လုပ်ငန်းများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ရန် အခြေအနေမပေးသည့်အတွက် ဂုဏ်ထူးဆောင်အဖွဲ့ဝင်များအဖြစ် အသိအမှတ်ပြုထားသူများ ဖြစ်သည်။

(ခ) ကော်မတီအဖွဲ့ဝင် အမျိုးအစားများ၏ ပါဝင်ဆောင်ရွက်ပိုင်ခွင့်တို့မှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) မြန်မာနိုင်ငံအတွင်းတရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းများ၊ အခြားကော်မတီတစ်ခုခု၏ အစုအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များသည် ကော်မတီသို့ ပူးပေါင်းရန် စာဖြင့်ဆက်သွယ်ပြီး

ကော်မတီ၏ ဖွဲ့စည်းပုံ စည်းမျဉ်းများကိုလက်ခံလျှင် ကော်မတီအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြု ခံနိုင်ခွင့်ရှိသည်။

(၂) တွဲဖက်အဖွဲ့ဝင်များနှင့်ဂုဏ်ထူးဆောင်အဖွဲ့ဝင်များသည် ကော်မတီ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီတို့တွင် ရွေးချယ်ခံခွင့်၊ မဲပေးခွင့်တို့မှအပ ကော်မတီက ခွင့်ပြုသည့်ကိစ္စများကို ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၇)
## အထွေထွေညီလာခံနှင့် အစည်းအဝေးများကျင်းပခြင်း

၂၃။ ကော်မတီ၏ အထွေထွေညီလာခံ အစည်းအဝေးကို နှစ်နှစ်လျှင်တစ်ကြိမ် ကော်မတီက ခေါ်ယူကျင်းပ ရမည်။

၂၄။ အထူးညီလာခံကို ကော်မတီဝင် သုံးပုံနှစ်ပုံနှင့်အထက် သို့မဟုတ် တရားဝင်အသိအမှတ်ပြုအဖွဲ့ဝင် စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့်အထက်က တောင်းဆိုလျှင် အလုပ်အမှုဆောင်ကော်မတီက ခေါ်ယူပေးရမည်။

၂၅။ ကော်မတီ၏ အထွေထွေညီလာခံသည် ပြီးခဲ့သည့်သက်တမ်းအတွင်း ဆောင်ရွက်ခဲ့သည့် အလုပ် အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဖွဲ့စည်းပုံ စည်းမျဉ်းများ ပြင်ဆင်ခြင်း၊ ကော်မတီရုံးအတွက် ဝန်ထမ်းများကို ခန့်ထားရန်ဆုံးဖြတ်ခြင်းတို့ကို ဆွေးနွေး အတည်ပြုဆောင်ရွက်ခွင့်ရှိသည်။

၂၆။ ကော်မတီ၏ ပုံမှန်အစည်းအဝေးများကို အနည်းဆုံးတစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပရမည်။ အလုပ် အမှုဆောင်ကော်မတီသည် လိုအပ်ပါက ကော်မတီအထူးအစည်းအဝေးကို ခေါ်ယူနိုင်သည်။

၂၇။ အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီ၏ အထွေထွေညီလာခံနှင့်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကို နှစ်လလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပပြီး ဥက္ကဋ္ဌကသော်လည်းကောင်း၊ အလုပ်အမှုဆောင်ကော်မတီဝင်ဦးရေ ထက်ဝက်ကျော်ကသော်လည်းကောင်း အဆိုပြုလျှင် အထူးအစည်းအဝေး ခေါ်ယူနိုင်သည်။

## အခန်း (၈)
## နုတ်ထွက်ခြင်းနှင့် တာဝန်မှရပ်စဲခြင်း

၂၈။ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်းနှင့် တာဝန်မှရပ်စဲခြင်းတို့ကို အောက်ပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရမည် -

(က) အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အဖွဲ့ဝင် အဖွဲ့အစည်းတစ်ခုသည် ကော်မတီမှနုတ်ထွက်လိုလျှင် အလုပ်အမှုဆောင်ကော်မတီသို့ စာဖြင့်တင်ပြ၍ နုတ်ထွက်ရမည်။

(ခ) အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အဖွဲ့ဝင် အဖွဲ့အစည်းတစ်ခုတွင် အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိခဲ့လျှင် အလုပ်အမှုဆောင်ကော်မတီသည် အဆိုပါ အဖွဲ့ဝင်အား အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရမည် -

(၁) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ကော်မတီတွင် ပါဝင်ဆောင်ရွက်မှုကို ဥပဒေနှင့် အညီ တားမြစ်ခြင်း၊

(၂) ကော်မတီ၏ဖွဲ့စည်းပုံစည်းမျဉ်းကို ချိုးဖောက်ခြင်း၊

(၃) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊

(၄) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံရခြင်း၊

(၅) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဌာန်းသည့်အတိုင်း သတ်မှတ်ခံရခြင်း၊

(၆) ကွယ်လွန်ခြင်း။

## အခန်း (၉)
## ရန်ပုံငွေရှာဖွေခြင်းနှင့် သုံးစွဲခြင်း

၂၉။ ကော်မတီ၏ ရန်ပုံငွေကို အဖွဲ့ဝင်များနှင့် အစုအဖွဲ့ဝင်များ၏ အသင်းဝင်ကြေးနှင့် ထည့်ဝင်ငွေများ၊ တမံကြီးများနှင့်သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေများ၊ ပြင်ပပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများနှင့် အခြားတရားဝင်ရငွေများဖြင့် ထူထောင်ထားရှိရမည်။

၃၀။ ကော်မတီသည် -

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။

(ခ) မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

(ဂ) ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ရမည်။

၃၁။ အတွင်းရေးမှူးများအဖွဲ့သည် ရန်ပုံငွေကို အောက်ပါကိစ္စရပ်များအတွက် သုံးစွဲခွင့်ရှိပြီး ရန်ပုံငွေသုံးစွဲမှုများကို အနီးဆုံးကျင်းပသော အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးသို့ တင်ပြ၍အတည်ပြုချက်ရယူရမည် -

(က) စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်ရယူခြင်း၊ သင်တန်းပေးခြင်းစသည့်လုပ်ငန်းများအတွက် သုံးစွဲခြင်း၊

(ခ) ကော်မတီရုံးဝန်ထမ်းများ၏ လစာ၊ ထောက်ပံ့ကြေး၊ ဝန်ထမ်းရေးရာကိစ္စများအတွက် သုံးစွဲခြင်း၊

(ဂ) ကော်မတီက အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားသော အဖွဲ့အစည်းများသို့ နှစ်စဉ်ကြေးပေးသွင်းခြင်း၊

(ဃ) အထွေထွေကုန်ကျစရိတ်များအတွက် သုံးစွဲခြင်း။

၃၂။ (က) အဖွဲ့ခွဲများသည် ကော်မတီက သတ်မှတ်အတည်ပြုထားသည့် ဘဏ္ဍာရေးနှင့်ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ္ဍာရေးနှင့် ငွေစာရင်းကို စီမံခန့်ခွဲရမည်။

(ခ) အဖွဲ့ခွဲတစ်ခုခုကို ဖျက်သိမ်းလျှင် သို့မဟုတ် ဖျက်သိမ်းရန်ရှိလျှင် ၎င်း၏ပိုင်သေပိုင်ပစ္စည်းများနှင့် ဘဏ္ဍာရေး စာရင်းရှင်းတမ်းကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို အလုပ်အမှုဆောင်ကော်မတီ၏ ဒုတိယဥက္ကဋ္ဌတစ်ဦးကို ဦးဆောင်စေလျက် အဖွဲ့ဝင်သုံးဦးဖြင့် ကော်မတီက ရွေးချယ်ခန့်ထားရမည်။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် ကော်မတီ၊ အဖွဲ့ခွဲများနှင့်အဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်ခြင်းများသည် လုပ်ထုံးလုပ်နည်းစည်းမျဉ်းများနှင့်အညီဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ ကော်မတီ၏ ရန်ပုံငွေသုံးစွဲမှု စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီး စစ်ဆေးတွေ့ရှိချက်များကို ကော်မတီအထွေထွေညီလာခံ၊ ကော်မတီနှင့် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများသို့ တင်ပြရမည်။

## အခန်း (၁၀)
## ထူးချွန်ဆုချီးမြှင့်ခြင်း၊ အသိအမှတ်ပြုထောက်ခံခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

၃၄။ ကော်မတီသည် ကော်မတီ၏ လုပ်ငန်းများနှင့်တမံကြီးများဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် ထူးချွန်စွာဆောင်ရွက်သူ အဖွဲ့ဝင်များနှင့် အဖွဲ့အစည်းများကို ထူးချွန်ဆုများ ချီးမြှင့်ခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်က အသိအမှတ်ပြုသည့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ခံရရေးအတွက် အသိအမှတ်ပြု ထောက်ခံပေးခြင်းကို သော်လည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။

၃၅။ ကော်မတီသည် ကော်မတီ၏ရပ်တည်မှု၊ ဂုဏ်သိက္ခာ၊ ကော်မတီ၏စည်းမျဉ်းများနှင့် ကိုက်ညီခြင်း မရှိသော မည်သည့်အဖွဲ့ဝင် သို့မဟုတ် အဖွဲ့အစည်းကိုမဆို သတ်မှတ်ချက်များနှင့်အညီ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်သည်။

## အခန်း (၁၁)

## အထွေထွေ

၃၆။ အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီရုံး၏ ဝန်ထမ်းများကို သတ်မှတ်ချက်နှင့်အညီ ခန့်ထား ရမည်။ ကော်မတီရုံးသည် အတွင်းရေးမှူးများအဖွဲ့၏ လုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ရမည်။

၃၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ကော်မတီက ထိရောက်စွာအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ထောက်ပံ့ကူညီပေးရမည်။

၃၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော နာယကအဖွဲ့ဝင်များ၊ ကော်မတီဝင်များနှင့် အလုပ်အမှုဆောင်ကော်မတီ ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီနှင့် ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် )

## ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော **ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၂ ။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၂။ )

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်

၁။ ဤဥပဒေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

## အခန်း (၂)

## နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို စိစစ်ခြင်း

၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ် ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ တင်သွင်းရမည်။

၃။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာကော်မတီများသည် မိမိတို့၏ စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် ဇန်နဝါရီလ ၃၀ ရက်နေ့မတိုင်မီ တင်ပြရမည်။

၄။ (က) ပြည်ထောင်စုလွှတ်တော်၏ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို စိစစ်ပြီး ငွေကြေးဆိုင်ရာ သုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ်၏ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်၏ ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုစိစစ်ပြီး ဥပဒေဆိုင်ရာ သုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ တင်ပြချက်များနှင့်ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီလိုအပ်သလိုဆောင်ရွက်ရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ် အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ တင်သွင်းရမည်။

၆။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာကော်မတီများသည် မိမိတို့၏ စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ်နိုဝင်ဘာလ ၇ ရက်နေ့မတိုင်မီ တင်ပြရမည်။

၇။ (က) ပြည်ထောင်စုလွှတ်တော်၏ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ကတင်ပြသော နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကိုစိစစ်ပြီးငွေကြေးဆိုင်ရာ သုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ်၏ နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်၏ ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကိုစိစစ်ပြီး ဥပဒေဆိုင်ရာ သုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏တင်ပြချက်များနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီလိုအပ်သလိုဆောင်ရွက်ရမည်။

## အခန်း (၃)

## နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်အတူ ပူးတွဲပါရှိရမည့်အချက်များ

### ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ

၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းရာတွင် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အကျဉ်းချုပ်ဇယားများ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည် -

(က) ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်၊

(ခ) ဘဏ္ဍာရေးဝန်ကြီး၏ ရှင်းလင်းတင်ပြချက်တွင် အောက်ပါအချက်များ ပါဝင်ရမည် -

(၁) နှစ်လတ်ဘဏ္ဍာရေး လျာထားချက်၊

(၂) ဘဏ္ဍာရေးမဟာဗျူဟာမူဝါဒ၊

(၃) မက်ခရိုစီးပွားရေး အခြေအနေဖော်ပြချက်၊

(၄) နှစ်စဉ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်းသည့် ပြည့်စုံသော ရှင်းလင်းဖော်ပြချက်များ၊

(၅) ဘဏ္ဍာရေးဝန်ကြီး၏ ယခင်နှစ် ရှင်းလင်းတင်ပြချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊

(၆) ဝန်ကြီးဌာနအလိုက် ယခင်နှစ် ရည်မှန်းလျာထားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေ၊

(၇) နိုင်ငံတော်၏ ကြွေးမြီအရပ်ရပ် အခြေအနေတင်ပြချက်။

(ဂ) ပြည်သူများ လွယ်ကူရှင်းလင်းစွာ သိရှိစေနိုင်သည့် ဘတ်ဂျက်ဆိုင်ရာ အနှစ်ချုပ်ဖော်ပြချက်၊

(ဃ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ကုန်သွယ်မှုအရှုံးအမြတ်စာရင်းများနှင့် ဘဏ္ဍာရေးအခြေအနေ ဖော်ပြချက်။

### နှစ်လတ်ဘဏ္ဍာရေးလျာထားချက်

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်တင်ပြရာတွင် ယမန်နှစ်၏ ရှေ့ပြေးအမှန်၊ လက်ရှိနှစ်၏ ပြုပြင်ပြီးခန့်မှန်းခြေစာရင်း၊ တင်ပြသည့် ဘဏ္ဍာရေးနှစ်၏ ခန့်မှန်းခြေစာရင်း၊ ရှေ့လာမည့်

နှစ်နှစ်အတွက် မျှော်မှန်းချက်များစာရင်းကို လက်ရှိနှစ်၏ ဈေးကွက်ဈေးနှုန်းများဖြင့် အောက်ပါအချက်များ ပါဝင်စေလျက် ဖော်ပြရမည် -

(က) ရငွေ၊

(ခ) သုံးငွေ၊

(ဂ) ဘတ်ဂျက်လိုငွေ၊

(ဃ) လိုငွေကိုဖြည့်ဆည်းခြင်း၊

(င) ကြွေးမြီလျာထားချက်။

၁၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကို ရှင်းလင်းတင်ပြရာတွင် ဝင်ငွေခန့်မှန်းချက်၊ အခြေခံလျာထား အသုံးစာရင်းရရှိသည့် ဘဏ္ဍာရေးအခြေအနေ၊ လုပ်ငန်းအစီအစဉ်သစ်များအတွက် လိုအပ်သော အသုံးစရိတ်နှင့် ထပ်မံလိုအပ်ငွေကို ဖြည့်ဆည်းခြင်းတို့ကို ဖော်ပြရမည်။

**ဘဏ္ဍာရေးမဟာဗျူဟာမူဝါဒ**

၁၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးမဟာဗျူဟာမူဝါဒနှင့်စပ်လျဉ်း၍ တင်ပြရာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည် -

(က) ဘဏ္ဍာရေးမူဝါဒနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်ခြင်း၊

(ခ) တင်ပြသည့် ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးမူဝါဒနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အသေးစိတ်ဖော်ပြရမည် -

(၁) အခွန်ဆိုင်ရာမူဝါဒ၊

(၂) အသုံးစရိတ်မူဝါဒ၊

(၃) ချေးယူခြင်း၊ ထုတ်ချေးခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် သက်ဆိုင်သောမူဝါဒ။

(ဂ) တင်ပြသည့် ဘဏ္ဍာရေးနှစ်အတွက် ဦးစားပေးမှုအစီအစဉ်များ၊

(ဃ) တင်ပြသည့် ဘဏ္ဍာရေးနှစ်အတွက် လျာထားချက်များ၊

(င) မူဝါဒနှင့်စပ်လျဉ်း၍ သုံးသပ်ချက်၊

(စ) အခြားလိုအပ်ချက်များ။

**မက်ခရိုစီးပွားရေးအခြေအနေ ဖော်ပြချက်**

၁၂။ နိုင်ငံတော်၏ မက်ခရိုစီးပွားရေး အခြေအနေ ဖော်ပြချက်နှင့်စပ်လျဉ်း၍ တင်ပြရာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည် -

(က) စီးပွားရေးအခြေအနေနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်ခြင်း၊

(ခ) ဂျီဒီပီ (GDP) တိုးတက်မှုနှုန်း၊

(ဂ) ပို့ကုန်၊ သွင်းကုန်၊ အရန်ငွေကြေး၊ ကုန်သွယ်မှုလိုငွေပိုငွေ၊

(ဃ) ငွေကြေး၊ ဘဏ်စနစ်နှင့် အရင်းအနှီးဈေးကွက်၊

(င) ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေ၊

(စ) မက်ခရိုစီးပွားရေးအခြေအနေ အလားအလာများ။

## အခန်း (၄)

## နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပြုစုခြင်း

၁၃။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှဆောင်ရွက်သော ကိစ္စများနှင့်စပ်လျဉ်း၍ ဥပဒေရေးဆွဲပြဋ္ဌာန်းပြီးမှ သုံးစွဲဆောင်ရွက်ရမည်။

၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ဖြည့်စွက်ရန်ပုံငွေလိုအပ်ချက်ရှိပါက နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ဖော်ပြထားသည့် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၁၅။ ပြည်ပချေးငွေနှင့် ပြည်ပထောက်ပံ့ငွေများကို ဝန်ကြီးဌာနအလိုက် ဖော်ပြရမည်။

၁၆။ နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကို ရေးဆွဲဖော်ပြရာတွင် လာမည့်နှစ်နှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လျာထားသည့် ထောက်ပံ့ငွေနှင့်ချေးငွေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကြိုတင်သိရှိနိုင်ရန် ဖော်ပြထည့်သွင်း လျာထားရမည်။

၁၇။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ပြည်ပမှ ငွေချေးယူခြင်းအတွက် နိုင်ငံတော်ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာနက အာမခံခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည့်အပြင် ထိုကဲ့သို့ အာမခံထားငွေ စုစုပေါင်းကို နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း တင်ပြရာတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၅)

## အစီရင်ခံစာ တင်သွင်းခြင်း

၁၈။ ဘဏ္ဍာရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ နှစ်ဝက်အစီရင်ခံစာကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏ အောက်တိုဘာလအတွင်းတွင် ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးက တင်ပြရမည်။

၁၉။ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှစ်ပတ်လည် အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးက တင်ပြရမည်။

## အခန်း (၆)

## အထွေထွေ

၂၀။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဘဏ္ဍာရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပုဒ်မ ၁၀၆ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၁၀၇ တို့အရ ဤဥပဒေကို ထုတ်ပြန်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် )

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့လာသော **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(စ)တွင်ပါရှိသော **"ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊"** ဆိုသည့်စကားရပ်နောက်တွင် **"ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့် အဖွဲ့အစည်းများကိုလည်းကောင်း၊"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဆ) **ပြည်ထောင်စုလွှတ်တော်ရုံး**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရုံးကိုဆိုသည်။"

၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၂) တွင်ပါရှိသော "တရားရုံးတစ်ခုခုက" ဆိုသည့် စကားရပ်ကို "တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုတစ်ခုခုက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ (က) နာယကသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီဝင်များအနက်မှ သင့်လျော်သူများဖြင့် ကြိုတင်ဖွဲ့စည်း၍ ယင်းလွှတ်တော်သက်တမ်းအတွက် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေး ကော်မတီဖွဲ့စည်းပြီးသည်အထိ တာဝန်ပေးအပ်ရမည်။

( ခ ) ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့သည် လွှတ်တော် ပထမပုံမှန် အစည်းအဝေးသို့တက်ရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသား လွှတ်တော်တွင် ကတိသစ္စာပြုပြီးခြင်း ရှိမရှိကို စိစစ်အတည်ပြုရမည်။

၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ တို့၌ ပါရှိသော "အခြား ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့" ဆိုသည့်စကားရပ်ကို "ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၈ တို့တွင် ပါရှိသော "အခြားဘာသာသာသနာကိုပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့်စကားရပ်ကို "ဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုး ရမည်။

၇။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၆ ၏ ခြေဆင်းနှင့် ပုဒ်မ ၂၈ တို့တွင်ပါရှိသော **"ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့်** ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၈၃-က တွင်ပါရှိသော "ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်နှင့်အညီ" ဆိုသည့် စကားရပ်ကို **"ဥပဒေနှင့်အညီ"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် )

### ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်သူ့လွှတ်တော်၏ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်စွဲပါ စာအမှတ်၊ ဝ၅/ပသ(ကမတ) ၁/၂၀၁၅-၄၈၉ ဖြင့် တင်ပြမှုအရ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၂၀/၂၀၁၄) ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဦးဘရှိန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကျောက်ဖြူမဲဆန္ဒနယ် **အစား** ဦးခင်မောင်ညို၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်၊ ပေါက်မဲဆန္ဒနယ်အား ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

### ကချင်ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းခြင်း

၁။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အငြင်းပွားမှု/ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက အချိန်တိုအတွင်း ညှိနှိုင်းဆောင်ရွက်ဖြေရှင်း

နိုင်ရန်အတွက် ကချင်ပြည်နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **ကချင်ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးအင်ဇော်နော် | အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ဥက္ကဋ္ဌ |
| (၂) | ဦးမောင်မောင်ကွန်း | ဥက္ကဋ္ဌ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဒု-ဥက္ကဋ္ဌ |
| (၃) | ဦးကျော်မိုး | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးမလန်ကမ်ဖန် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးအောင်ဆန်း | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးဝင်းလွင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၇) | ဒေါက်တာဝင်းလွင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၈) | ဦးဂွမ်ဆိုင်းလီ | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၉) | ဦးမြင့်ဇော် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၀) | ဒေါ်ခင်နွဲ့ | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၁) | ဦးတူးမိုင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၂) | ဦးထိန်လင်းအောင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၃) | ဦးစိုးနိုင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၄) | ဦးစိုးမြင့်မောင် | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၅) | ဦးဂျာကန်လဂျာ | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးကျန်တား | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးလဖိန်တန်ဝွန်း | ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးစိုးမင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးညီပု | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးလုံဂျူဆန်မိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးစိုင်းထွေးမောင် | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးဇော်ဂျတ် | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးစိုင်းကျော်လေး | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၄) | ဦးလအောင် | ကချင်ဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၅) | ဒေါ်ခေါင်ယန်း | (၈၈)မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ | အဖွဲ့ဝင် |
| (၂၆) | ဒေါ်မြင့်မြင့်မိုး | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၇) | ဦးဘီဟောင်းဇယ် | လောဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၂၈) | ဦးပေါ်ဦး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၉) | ဒေါက်တာအာဇီး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၀) | ဦးဘွမ်ယွန် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၁) | ဦးမီထွယ်ဇော်လတ် | သြဇာတိက္ကမရှိသူ (စည်ပင်) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၃၂) | ဦးချစ်လွင် | ဩဇာတိက္ကမရှိသူ (စည်ပင်) | အဖွဲ့ဝင် |
| (၃၃) | ဦးလှဝေ | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၃၄) | ဦးထွန်းအောင်ခိုင် | ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရွေးကောက်ပွဲအကြိုကာလနှင့် ရွေးကောက်ပွဲကာလများတွင် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသနှင့် ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကလည်းကောင်း၊ သက်ဆိုင်ရာဌာန (သို့မဟုတ်) ပုဂ္ဂိုလ်များကလည်းကောင်း တင်ပြလာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ခ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြလာသည့် အငြင်းပွားမှုများကို ဥပဒေနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဂ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးထိုင်၍ ကော်မတီအဖွဲ့ဝင်အများစု၏ ဆန္ဒနှင့်အညီ ဆုံးဖြတ်ချက်အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဃ) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန် ခက်ခဲသော အခြေအနေပေါ်ပေါက်ပါက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ၏လမ်းညွှန်မှုကို ခံယူ၍ ဆောင်ရွက်ခြင်း၊

(င) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရှိခြင်း။

၃။ ကချင်ပြည်နယ်အတွင်းရှိ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ (၄) ခုအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **ပူတာအိုခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးခင်မောင်ဝင်း | ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးခင်ဆန်ဖေရမ် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးမဲဆီးရဲ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးကျော်ရွှေ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးမလောင်ဂျန်မစ် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးစိုးမြင့်ထွန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးရှိန်းတမ် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးအောင်မြင့်ထွန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးသန်းဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဦးမျိုးမြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | Dr.မင်းဇော်အေး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဒေါ်ခင်ဝင်းရီ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဦးစောခွန့်သိုက်ရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၄) | ဦးအားရီ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၅) | ဒေါ်ဒီခေါ်နော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးစောခွန့်နိုခမ်း | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးဖလားဖုန် | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးဟီဆီးရဲ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၉) | ဦးတူးရိန် | ကချင်ဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးခိုင်သက် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးကြည်မိုး | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးဒါတီးဝူ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးမီးကော်ဖူ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးမုန်ပေါန်နော် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးဆိုင်းဒူအောင် | အတွင်းရေးမှူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၆) | ဒေါ်ဘောလားနူရ်ဘူဆားရ် | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

## ( ခ ) ဗန်းမော်ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးကျော်သန်းငွေး | ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးတင်ဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးစောသီအိုဒိုဒွေး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးလဖွန်ယောင်ထန် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးတင်မောင်မြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးထွန်းအောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဒေါ်နန်းလှလှအေး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၈) | ဦးကိုကို | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၉) | Dr.သက်အောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးအောင်ကြီး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၁) | ဦးထွန်းရီ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | ဒေါ်သင်းသင်းအုန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၃) | ဦးဝင်းနိုင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၄) | ဦးအောင်ကျော်ထွန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၅) | ဦးထွန်းကြည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးဝင်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးအုန်းငွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးတင်အောင် | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးအိုက်ခမ်း | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးဇာနည်မြင့် | တိုင်းလိုင်အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးချော်ပေါင် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးပီတာအောင် | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးဂရန်ဖန်ဝါ | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၂၄) | ဦးနန်းဇိန်အားယုံ | ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ | အဖွဲ့ဝင် |
| (၂၅) | ဦးသောင်းထွန်း | ဩဇာတိက္ကမရှိသူ (စည်ပင်) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၂၆) | ဦးခင်မောင်ညွန့် | သြဇာတိက္ကမရှိသူ (စည်ပင်) | အဖွဲ့ဝင် |
| (၂၇) | ဦးလှရွှေ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၈) | ဦးရဝေစိုး | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၉) | ဦးကျော်သိန်းဦး | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

## (ဂ) မိုးညှင်းခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးစိန်ဝင်း | ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးသောင်းလွင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးဇော်ဘောမ်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးမြသောင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဒေါ်စန်းဝေ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးအောင်မြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးကျော်ဌေးလှိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၈) | ဦးကျော်တင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၉) | ဦးလှဆောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၀) | ဦးမောင်ရွှေ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၁၁) | ဦးတင်ဖေ | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၂) | ဦးဝင်းနိုင်ဦး | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | အဖွဲ့ဝင် |
| (၁၃) | ဦးတင်မြင့် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၄) | ဦးမောင်သန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၅) | ဦးစောထွေး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၆) | ဦးလှမောင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၇) | ဦးချစ်ခင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၈) | ဦးတင်ကိုကို | အတွင်းရေးမှူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၁၉) | ဦးမျိုးမင်းဦး | ရွေးကောက်ပွဲအရာရှိ၊ခရိုင်ရွေးကောက်ပွဲကော်မရှင် | တွဲဖက်အတွင်းရေးမှူး |

## (ဃ) မြစ်ကြီးနားခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးမြတ်ခိုင် | ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်သောင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးခေါ်တိန့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးလရှူယောဟန် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးအောင်ဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးခင်မောင်လွင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးအေးမြင့်မောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးဘောမ်ယိန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးလှမိုး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာတင်ညိုညို | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဦးမောင်မောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဦးတင်မောင်ဆွေ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါ်စန်းစန်းရည် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဦးရွှေလှ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဦးဖြူသာချေ | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးဒွမ်ဖော်မာဂွန်း | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးဂျိုးဇက်ကျန်ဆာ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၈) | ဦးအယ်ဇော်ဂျွန်း | ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးလူးကပ်(စ်) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးအောင်ဖိုလ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးတင်ထွန်းသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးမင်းအောင် | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးကျော်လွင်ဦး | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၄) | ဦးဂျော်ဆန်းနော် | ကချင်ဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၅) | ဦးမာနာဆီ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၆) | ဦးဘီဟောင်းဇယ် | လောဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၂၇) | ဦးရန်နိုင်ထွန်း | အတွင်းရေးမှူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၈) | ဦးကျော်စိုးအောင် | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

၄။ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ခ) မဲဆွယ်စည်းရုံးမှုကာလအတွင်း ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြလာသည့် အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဃ) မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီမှသော်လည်းကောင်း၊ သက်ဆိုင်ရာဌာန (သို့မဟုတ်) ပုဂ္ဂိုလ်များကသော်လည်းကောင်း တင်ပြလာသည့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(င) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန် ခက်ခဲသော အခြေအနေပေါ်ပေါက်ပါက တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခြင်း၊

(စ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးထိုင်၍ ကော်မတီအဖွဲ့ဝင်အများစု၏ ဆန္ဒနှင့်အညီ ဆုံးဖြတ်ချက်အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကို မှတ်တမ်းတင် ထားရှိခြင်း။

၅။ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ (၁၈) ခုအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **ပူတာအိုမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးနော်လွန်း | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးမလောင်ဒေးဗစ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးစောနွဲ့တင်လှ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးရီးဆာ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဒေါ်လာဖီးချာ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးအယ်လ်ယော်ထုန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးကျော်မြင့်အောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးကျော်ကျော်သန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၉) | ဒေါ်ခင်ပွား | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဦးမောင်မောင်ညို | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဦးသန့်ဇင်မျိုး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဦးစိုးမိုးနိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဦးသန်းဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဦးဂျေဇာဟာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၅) | ဦးဒဟမ်ဆင်ဇီ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးထွန်းဖေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးတင်ထွန်း | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးလခန်အောင်ခမ်း | ကချင်ဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးဆာယော်နာ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးဖူရဲဒွေ့ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးခိုင်သက် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဒေါ်ယမ်ထု | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးမန်းထပ် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးဒန်နွဲဒီး | ဩဇာတိက္ကမရှိသူ (စည်ပင်) | အဖွဲ့ဝင် |
| (၂၅) | ဦးဇော်နီလင်း | အတွင်းရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၆) | ဒေါ်ဂျေမာဆာ | ဒု-ဦးစီးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | တွဲဖက်အတွင်းရေးမှူး |

## (ခ) ခေါင်လန်ဖူးမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးနန်ဟီးအဖေး | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးလေမယ်ဆီ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးဒခွမ်ဖေရမ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးမဒါငါရ်ရောဘတ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးဂျေဇာဒီး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးဝဒမ်းခေါင်ဆင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးဌေးနိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးငြိမ်းချမ်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးသန်းဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဦးခင်မောင်သောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဦးဟန်မျိုးကျော် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဦးယုံထန်ဒကုံ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဦးတူးဂျာ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဦးမီးကော်ဖူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၅) | ဦးခင်လေးဖုန်ဆားရ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးဂျေအားဖူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးအာလ်ဆွေလေး | ဒူးလေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးရင်ထန်ဒီးမွေး | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၉) | ဦးဖလားဖုန်မွေး | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၀) | ဦးမန်ဂျာတန်ဒီး | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးတီဒီးတန် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးထိန်နံဖုန် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးဝင်းမြင့် | အတွင်းရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၄) | ဦးနန်ဇေ့ဖုန်ဂါရမ် | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

## (ဂ) ဆွမ်ပရာဘွမ်မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးတူးအောင် | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုးပိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးငွါးဒီဆဲ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးထွန်းခင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးအင်ဘူလရိန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးနော်လာ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးကျော်ဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးအောင်ဇော် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးကောင်းမြတ်ဇော် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဦးစိုင်းတင်ထွန်းဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဦးဖန်းလ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဦးခိုင်ကျင့်ခုပ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါ်ခင်သက်ဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဒေါ်ဂလွန်ကော့နန် | ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ | အဖွဲ့ဝင် |
| (၁၅) | ဦးဆမ်နော် | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးဇော်မိုင် | ကချင်ဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးအထင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးယောထ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးမုန်ပေါန်နော် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၀) | ဦးတန်ဂျီး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးလဂျာ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးဂျီဇော်မိုင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးမုန်ဘန် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးနေလင်းထွန်း | အတွင်းရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၅) | ဦးအောင်နိုင်ဦး | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

## (ဃ) နောင်မွန်းမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးထုံဖူးရင် | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးဒဂျင်နမ်ဖုန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးဆန်နိုင်ဆင်ရမ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးထီဆန်ဝမ်ဆင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးခင်ဆိုင်ဆန်ဒါဝိ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးဇာကွန်းဂျောင်ဆားရဲ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးမြင့်သွယ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဒေါက်တာမျိုးထွန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးဇော်ဇော်လင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဒေါ်ဇာနီဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဦးခေါ်ဒုခင်ထား | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဦးကျော်ဇင်ထွန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဦးလဇောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဦးခင်လိုင်ဒါဝိ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၅) | ဦးချန်းဖေရမ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၆) | ဦးထုံဖူးဖုန် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၇) | ဦးမဖန်းဖုန်ရမ် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၈) | ဦးမဘုန်က်ဖုန်ရမ် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၉) | ဦးဖုန်အောင်ဖုန်ဆန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၀) | ဦးအောင်ဇော်လင်း | အတွင်းရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၁) | ဦးအောင်ဇော်ဦး | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

**(င) မချမ်းဘောမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးယန်မီယုံ | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးသန်းရွှေ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးစိုးသိန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးဒခွမ်ဖုန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးလယ်မယ်ဖုန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးမရစ်နော်အောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးဝင်းနိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဒေါက်တာလှဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးရဲထိုက်အောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဦးတင်ထွန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဦးယောဟန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဦးနန်ဇေ့ဖုန်ဆန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါ်အိအိခိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဦးအရယ်ဒီး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဦးရယ်ဒမ်းဝမ်ယောဆက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးလမာနော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးနန်ရှိုဖုန်ဆန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးအင်ဘော်ဂမ်ဆိုင်းလီ | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးကြည်မိုး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၀) | ဦးငွါးရဲဆဲ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးလာခရပ်မင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးယန်မီဖုန်ရမ် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးဆရက်ခင်ဆားရ် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးမျိုးကျော် | အတွင်းရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၅) | ဦးမိုးအောင် | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

**(စ) ဗန်းမော်မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးမြင့်ဆွေ | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးမျိုးဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးနန်ဒူ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးထွန်းငွေ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးဖေဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးစိုးမြတ်မိုး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးသက်ဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၈) | ဒေါက်တာ ဘရန်အောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၉) | ဦးဝင်းမင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၁၀) | ဦးရာမ်မှူး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၁) | ဒေါ်လွင်လွင်ခိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၂) | ဦးကျော်စိုးအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၃) | ဒေါ်ဝင်းမင်းဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်အေးအေးမိုး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၅) | ဦးသက်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးအောင်သင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးတင်ဖေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးအင်ဒွပ်ထင်ဆိုင်း | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
